ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ

# ဆေးကောင်စီဥပဒေ

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ
အမှတ် ၁၅ / ၂၀၁၁)
၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာ ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်နှင့် ခံတွင်းရောဂါများကို ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ သွားတု တပ်ဆင်ခြင်း၊ သွားရောဂါကုသခြင်း၊ သွားညှိကုသခြင်း၊ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါ ကြိုတင်ကာကွယ်ခြင်း၊ ရောဂါ စစ်ဆေးရှာဖွေခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ သုတေသနပြုခြင်းများ အပါအဝင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဆိုသည်။

(ဂ) ကောင်စီဝင် ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်တစ်ဦးဦးကို ဆိုသည်။

(ဃ) မှတ်ပုံတင်လက်မှတ် ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ပုဒ်မ ၁၉၊ ပုဒ်မခွဲ (က)

အရ ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(င) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက ဤဥပဒေအရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(စ) ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေသွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်၊ အထူးသွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်သွားနှင့်ခံတွင်းဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ဆ) အထွေထွေဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အား မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီက ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော အထွေထွေ သွားနှင့် ခံတွင်းဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဇ) အထူးဆေးကုသခွင့်လိုင်စင် ဆိုသည်မှာအသိအမှတ်ပြု ထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်အား မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော အထူးသွားနှင့် ခံတွင်းဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဈ) ကန့်သတ်ဆေးကုသခွင့်လိုင်စင် ဆိုသည်မှာ သွားနှင့် ခံတွင်းဆိုင်ရာ ဘွဲ့ရရှိထားသော နိုင်ငံခြားသား ဆရာဝန် အား ကုသခွင့်ရှိသော သွားနှင့်ခံတွင်းဆေးပညာ ဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာ ဒေသနှင့် အချိန်ကာလများကို ကန့်သတ်၍ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက

ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသော ကန့်သတ်သွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် ဆိုသည်မှာ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီက ဤဥပဒေအရ ဆေးကုသခွင့်လိုင်စင် တစ်ခုခုထုတ်ပေးခြင်း ခံရသူကို ဆိုသည်။

(ဋ) သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ဆိုသည်မှာ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ကို ချီးမြှင့်နိုင်သည့် တက္ကသိုလ်တစ်ခုခုကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရည်အသွေးမီ၍ ထိရောက်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ လေ့လာသင်ကြားနိုင်စေရန်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း (၃)

## မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီဖွဲ့စည်းခြင်း

၄။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | အငြိမ်းစား မှတ်ပုံတင်သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး | ဥက္ကဋ္ဌ |
| (ခ) | မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| (ဃ) | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ ပါမောက္ခဌာနမှူးတစ်ဦးစီ | အဖွဲ့ဝင် |
| (င) | ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တပ်မှူးတစ်ဦး | အဖွဲ့ဝင် |
| (စ) | မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့ဝင် မှတ်ပုံတင်သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်သော နိုင်ငံ့ဝန်ထမ်းမဟုတ်သူ တစ်ဦးစီ | အဖွဲ့ဝင် |
| (ဇ) | ကျန်းမာရေးဦးစီးဌာန သွားကျန်းမာရေးဌာန တာဝန်ခံပုဂ္ဂိုလ် | အတွင်းရေးမှူး |
| (ဈ) | သင့်လျော်သော ဆေးကုသခွင့် လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး | တွဲဖက်အတွင်းရေးမှူး |

၅။ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ဘဏ္ဍာရေးမှူးအဖြစ် တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ခြင်းမရှိလျှင် ကောင်စီအတွင်းရေးမှူးသည် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (က) | ကောင်စီ ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (ခ) | ကောင်စီဒုတိယဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ကောင်စီဝင်ငါးဦး | အဖွဲ့ဝင်များ |
| (ဃ) | ကောင်စီအတွင်းရေးမှူး | အတွင်းရေးမှူး |
| (င) | ကောင်စီတွဲဖက်အတွင်းရေးမှူး | တွဲဖက်အတွင်းရေးမှူး |

၇။ ကောင်စီနှင့်ကောင်စီဝင်များ၏ သက်တမ်းနှင့်စပ်လျဉ်း၍-

(က) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်ကြိမ်လျှင် လေးနှစ်ဖြစ်သည်။

(ခ) ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီသက်တမ်းနှင့် အညီဖြစ်သည်။

(ဂ) ကောင်စီဝင်တစ်ဦးသည် ကောင်စီဝင်သက်တမ်း တစ်ဆက်တည်း သုံးကြိမ်အထိသာ ကောင်စီဝင်အဖြစ် ဆောင်ရွက်နိုင်သည်။

(ဃ) ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ-

(၁) ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ကောင်စီဝင် နေရာဖြစ်လျှင် ယင်းဝန်ကြီးဌာနက အစားထိုး တာဝန်ပေးအပ်ရမည်။

(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသီးသီးရှိ ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များက ရွေးချယ်တင်မြှောက်သည့် ကောင်စီဝင်နေရာဖြစ်လျှင် ယင်းတို့က အစားထိုး ရွေးချယ်တင်မြှောက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) အရ အစားထိုး တာဝန်ပေးအပ်ခြင်း သို့မဟုတ် အစားထိုးရွေးချယ် တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏

သက်တမ်းသည် လက်ရှိကောင်စီ သက်တမ်းကုန်ဆုံးချိန်အထိသာ ဖြစ်စေရမည်။

(င) ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီးသည့်အထိ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၈။ ကောင်စီဖွဲ့စည်းခြင်း၊ အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းခြင်း၊ အစည်းအဝေးကျင်းပခြင်းနှင့် ငွေကြေးဆိုင်ရာ ကိစ္စရပ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ကောင်စီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းသည့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကိုအသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းများကို အခါအားလျော်စွာ ပြုစုထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှု အရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလို ဆောင်ရွက်ခြင်း၊

အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများ၏ သွားနှင့် ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်း သတ်မှတ်ခြင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာရှင်များ ပေါ်ပေါက် စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာ သုံးသပ်၍ ကျန်းမာရေးဝန်ကြီးဌာနသို့ အကြံပြု တင်ပြခြင်း၊

(ဇ) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ ကျင့်ဝတ် သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ဖျက်ကွက်မှု များကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်း။

၁၀။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်စိစစ်ရေး ကော်မတီ၊

(၂) ကျင့်ဝတ်သိက္ခာ ထိန်းသိမ်းရေးကော်မတီ၊

(၃) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၄) အခြားလိုအပ်သောကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် ကောင်စီအတွက် အကျိုးပြုမည့် ကိစ္စရပ်များကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတကာ၊ ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) မှတ်ပုံတင်ကြေး၊ ဆေးကုသခွင့်လိုင်စင်ကြေး၊ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ကြေးနှင့် ရက်လွန်ကြေးများကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဆ) ကောင်စီ၏ ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်းသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၅)
## ကောင်စီဝင်အဖြစ်မှ ရပ်စဲခြင်း

၁၁။ အောက်ပါအကြောင်းအရာ တစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေးသို့ တက်ရောက်ရန် တစ်ဆက်တည်း သုံးကြိမ်ဆက်တိုက် ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ခြောက်လနှင့်အထက် ထွက်ခွာခြင်း၊

(ဃ) သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(င) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခံရခြင်း၊

(စ) ကောင်စီက သတ်မှတ်သော အကျင့်စာရိတ္တ ပျက်ပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ် သို့မဟုတ် ငြိမ်ဝပ်မပြားမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထောင်ဒဏ်အပြစ်ပေးခံရခြင်း၊

(ဆ) ကိုယ်ကျင့်တရား ပျက်ပြားရာရောက်သည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၆)
## အစည်းအဝေးကျင်းပခြင်း

၁၂။ အစည်းအဝေးများကို အောက်ပါအတိုင်း ကျင်းပရမည်-

(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊

(ခ) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်ကျင်းပခြင်းနှင့် လိုအပ်ပါက အထူး အစည်းအဝေးကျင်းပခြင်း၊

(ဂ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ်ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူခြင်း။

၁၃။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့ ဆောင်ရွက်ချက်များကို ကျန်းမာရေးဝန်ကြီးဌာနသို့ လေးလလျှင်တစ်ကြိမ် ပုံမှန်အစီရင်ခံရမည်။ ထို့အပြင် လိုအပ်သလို အခါအားလျော်စွာ အစီရင်ခံနိုင်သည်။

## အခန်း (၇)
## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၄။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရုံးအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ရုံးအဖွဲ့မှူး (မှတ်ပုံတင်အရာရှိ) တစ်ဦးနှင့် ဒုတိယ ရုံးအဖွဲ့မှူးတစ်ဦးတို့ကိုခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးခြင်း၊

(ခ) ဝန်ထမ်းများကို လိုအပ်သလိုဖွဲ့စည်းပြီး တာဝန်များ သတ်မှတ်ပေးခြင်း။

## အခန်း (၈)
## ဘဏ္ဍာရေး

၁၅။ ကျန်းမာရေးဝန်ကြီးဌာနသည် ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များကို ကျခံရမည်။

၁၆။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းနှင့် အလှူရှင်များထံမှ အလှူငွေ၊ ပစ္စည်းနှင့် အခြားအကူအညီများကို ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လက်ခံနိုင်သည်။

၁၇။ ကောင်စီသည် ရငွေ၊ သုံးငွေများကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လက်ခံခြင်း၊ သုံးစွဲခြင်းနှင့် စာရင်းထိန်းသိမ်းထားရှိခြင်းများ ပြုလုပ်ရမည်။

## အခန်း (၉)
## သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်

၁၈။ မှတ်ပုံတင်လက်မှတ် ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခုရရှိသည့် နိုင်ငံသားတစ်ဦးဦးသည် သတ်မှတ်ထားသည့် အလုပ်သင်ကာလ ပြီးဆုံးပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်-

(က) ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် တစ်ခုခုက အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊

(ခ) ပြည်ပသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုက ဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း အသိအမှတ်ပြုထားသည့် သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာဘွဲ့။

၁၉။ ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည်-

(က) ပုဒ်မ ၁၈ အရ လျှောက်ထားသည့်လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်၏ အမည်နှင့် သက်ဆိုင်ရာ အချက်အလက်များကိုသွားနှင့် ခံတွင်းဆိုင်ရာ မှတ်ပုံတင် စာရင်းတွင် ဖြည့်သွင်းရမည်။

၂၀။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ရမည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်လည်း ဆက်လက် ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို ခံရခြင်း၊

(ခ) တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကို မခံရစေကာမူ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သုံးစွဲခြင်း။

## အခန်း (၁၀)
## သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်

၂၁။ (က) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေသွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထွေထွေ

ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် အထွေထွေဆေးကုသခွင့်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၂။ (က) အထွေထွေ ဆေးကုသခွင့်လိုင်စင်ရရှိထားပြီး သတ်မှတ်သည့် အရည်အချင်းနှင့် ပြည့်စုံသော မွတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် အထူးသွားနှင့်ခံတွင်းဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ အထူးဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် အထူးဆေးကုသခွင့်လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၂၃။ (က) သွားနှင့်ခံတွင်းဆိုင်ရာဘွဲ့ရရှိထားသော နိုင်ငံခြားသားဆရာဝန်တစ်ဦးဦးသည် မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက ကန့်သတ်သွားနှင့် ခံတွင်းဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီ၏ ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီး လိုင်စင်ကြေးပေးသွင်းစေ၍ ကုသခွင့်ရှိသော ဆေးပညာနှင့် ဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ကန့်သတ်ဆေးကုသခွင့်လိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၄။ အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိသူ သို့မဟုတ် အထူးဆေးကုသခွင့် လိုင်စင်ရရှိသူသည် မိမိ၏ဆေးကုသခွင့်လိုင်စင်ကို

သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။

၂၅။ ကောင်စီ၏ ကိုယ်စားအလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၂၄ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၆။ ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါ အချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) စိတ်ရောဂါစွဲကပ်ခြင်း၊ အသိဉာဏ်ပျက်ယွင်းခြင်း သို့မဟုတ် ကိုယ်အင်္ဂါချို့ယွင်းခြင်းကြောင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်းမရှိခြင်း၊

(ဂ) နိုင်ငံတော်က ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦး၏တာဝန်ဝတ္တရားများကို မဆင်မခြင် ပေါ့လျော့စွာဆောင်ရွက်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့်အညီ လိုက်နာစောင့်ထိန်းမှု မရှိခြင်း၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ လုပ်ဆောင်နိုင်စွမ်း မရှိခြင်း၊

(ဆ) ကောင်စီက သတ်မှတ်ထားသော ကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင်သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

## အခန်း (၁၁)

## မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ ဆရာဝန်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ

၂၇။ မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည်-

(က) ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်း ရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက်တွင် ချီးမြှင့်ခြင်း ခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီပလိုမာစသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြခွင့် ရှိသည်။

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင် စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(င) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့် အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့် ရှိသည်။

၂၈။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့်လိုင်စင် အမျိုးအစားအရ ဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၂၉။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွင် ပုဒ်မ ၄၊ ပုဒ်မခွဲ (ဆ) ပါ ကောင်စီဝင် ရွေးချယ်တင်မြှောက်ရာတွင်-

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ကောင်စီက သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့် ရှိသည်။

## အခန်း (၁၂)
## အယူခံခြင်း

၃၀။ ကောင်စီ၏ကိုယ်စား ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း ၆၀ အတွင်း ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးထံ အယူခံနိုင်သည်။

၃၁။ (က) ပုဒ်မ ၃၀ အရ အယူခံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးသည် အလုပ်အမှုဆောင်အဖွဲ့၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချမှတ်သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## တားမြစ်ချက်နှင့် ပြစ်ဒဏ်များ

၃၂။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသခြင်းမပြုရ။

၃၃။ မည်သည့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းကထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

၃၄။ မည်သည့်မှတ်ပုံတင် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မျှ မိမိရရှိသောဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့် ယှဉ်တွဲ၍ သုံးနှုန်းခြင်း မပြုရ။

၃၅။ မည်သည့်မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊ ဒီပလိုမာစသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်

စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏ အတည်ပြုချက်မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်း မပြုရ။

၃၆။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၃၇။ မည်သည့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မဆို ပုဒ်မ ၃၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈။ မည်သည့်မှတ်ပုံတင် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ မည်သည့်မှတ်ပုံတင် သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

## အခန်း (၁၄)

## အထွေထွေ

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲဥပဒေ တစ်ရပ်ရပ်အရ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခွင့်ရှိသူများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၄၁။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်က ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်း မရှိသောဆေးလက်မှတ်သည် တရားဝင်ဆေးလက်မှတ်ဖြစ်သည်ဟု မမှတ်ယူရ။

၄၂။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေအရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၃။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေအရ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၄၄။ ကောင်စီသည် ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို လည်းကောင်း၊ ယင်းကောင်စီ၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၄၅။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေအရ ဖွဲ့စည်းထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ကျန်းမာရေးဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်လည်းကောင်း၊ လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ခ) ကောင်စီသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၇။ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၅/၈၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ